National
Redress Scheme
For people who have experienced
institutional child sexual abuse

အချက်အလက်စာရွက်

# နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (NATIONAL REDRESS SCHEME) ကို တင်ဆက်ပေးခြင်း

## National Redress Scheme ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) သည် အဖွဲ့အစည်းတစ်ခု၌ ကလေးအား စောင့်ရှောက်ပေးနေစဉ် ကလေးတစ်ဦးအဖြစ်ဖြင့် လိင်ပိုင်းပြုကျင့်ခံခဲ့ရသူများအား ပံ့ပိုးပေးရန် နည်းလမ်းတစ်ခုဖြစ်ပါသည်။

အဖွဲ့အစည်းဆိုသည်မှာ ကျောင်း၊ ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် ဝတ်ပြုကိုးကွယ်ရာ နေရာ၊ ထိန်းသိမ်းရေးစခန်း၊ မစ်ရှင်အဖွဲ့အစည်း၊ မိဘမဲ့ဂေဟာ၊ ကလေးမွေးစားအိမ်၊ ဆေးရုံ သို့မဟုတ် အားကစား အသင်းစသော အဖွဲ့အစည်းတစ်ခုကို ဆိုလိုပါသည်။

၎င်းတွင် အဖွဲ့အစည်းတစ်ရပ်သည် ကလေး လိင်ပိုင်းပြုကျင့်ခံရမှုမှ ကာကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်ကိစ္စမှာ အဖွဲ့အစည်း၌ ကလေး မနေထိုင်နေသည့်အချိန်မှာပင်ဖြစ်ပွားသည့် ပြုကျင့်ခံရမှု အကျုံးဝင်သည်။

National Redress Scheme ကို ပါဝင်ပူးပေါင်းခဲ့သော အဖွဲ့အစည်းများ အပြည့်အစုံစာရင်းတစ်ခုကို ဝက်ဘ်ဆိုက် www.nationalredress.gov.au တွင်ရရှိနိုင်ပါသည်။

## နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်က မည်သည့်အရာ လုပ်ပေးပါသလဲ။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးမှာ တရားရုံးများမှတစ်ဆင့် လျော်ကြေးတောင်းခံသည့်နည်းမှလွဲ၍ တစ်မျိုးတစ်ဖုံ တောင်းခံသည့်နည်းလမ်းတစ်ခုဖြစ်သည်။ ကလေးငယ်များအဖြစ်ဖြင့် လိင်ပိုင်းပြုကျင့်ခံရသည့်သူများအပေါ် နစ်နာဆုံးရှုံးမှုအား အသိအမှတ်ပြုပေးခြင်း နည်းလမ်းတစ်ရပ်ဖြစ်ပြီး အဖွဲ့အစည်းများအပေါ် တာဝန်ရှိစေခြင်း ဖြစ်သည်။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်က သင့်အတွက် လုပ်ပေးနိုင်သည်မှာ-

1. ကျေအေးငွေ

2. လျှို့ဝှက်စွာနှင့် ယဉ်ကျေးမှုအရ လုံခြုံသော အခမဲ့ ဆွေးနွေးအကြံပြုပေးခြင်း (ဆွေးနွေးနှစ်သိမ့်ပေးခြင်းနှင့် စိတ်ပညာဆိုင်ရာ ဝန်ဆောင်မှုများ) အပြင်
3. တာဝန်ရှိသော အဖွဲ့အစည်းမှ ကိုယ်တိုင် တိုက်ရိုက်ပြန်ကြားပေးခြင်း၊ တို့ဖြစ်သည်။

လျှောက်ထားခြင်းတစ်ခုချင်းကို ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် အခြေခံ၍ စဉ်းစားသုံးသပ်ပေးပါမည်။ သင့်အား ပေးနိုင်သည့် ကျေအေးငွေမှာ အခြေအနေများအပေါ်မူတည်၍ ဒေါ်လာငွေ တစ်သိန်းငါးသောင်း ($150,000) အထိ ဖြစ်နိုင်သည်။

ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး၏ မည်သည့်အစိတ်အပိုင်းများကို လက်ခံလိုကြောင်း ရွေးချယ်နိုင်သည်။

သင်၏ လျှောက်ထားခြင်းနှင့်တကွ ဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် အချက်အလက်အားလုံးကို ကာကွယ်ပေးထားသည်။ ဤအချက်အလက်များကို နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်၏ ရည်ရွယ်ကိစ္စများအတွက်သာ အသုံးပြုပါမည်၊ ၎င်းတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အချက်အလက်အချို့ကို ဝေမျှဖလှယ်ပေးခြင်း ပါဝင်နိုင်သည်။

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို မည်သူက ရနိုင်သနည်း။

အကယ်၍ အောက်ပါကိစ္စ၌ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို သင် ရနိုင်သည်-

- ကလေးတစ်ဦး (အသက် ၁၈ နှစ်အောက်) အဖြစ်ဖြင့် သင် လိင်ပိုင်းပြုကျင့်ခံရလျှင်၊ ထို့ပြင်
- ပြုကျင့်ခံရမှုမှာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ ဖြစ်ပွားခဲ့သည့်အပြင်
- သင်သည် ၂၀၁၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မတိုင်မီ မွေးဖွားခဲ့ရမည်ဖြစ်ပြီး
- လျှောက်ထားချိန်၌ သင်သည် ဩစတြေးလျနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူဖြစ်လျှင်။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို အကယ်၍ ပြုကျင့်ခံခဲ့ရသည်မှာ အလွန်ကြာခဲ့သည်တိုင် သင် လျှောက်နိုင်ပါသည်။

သင့်လျှောက်လွှာကို အောက်ပါကိစ္စ၌ တစ်မျိုးတစ်ဖုံ စိစစ်ပါလိမ့်မည်-

- အကယ်၍ သင်သည် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို မပူးပေါင်းခဲ့သည့် အဖွဲ့အစည်းကြောင့် ပြုကျင့်ခံခဲ့ရလျှင်
- သင် ယခု အသက် ၁၈ နှစ်အောက်ဖြစ်လျှင်
- သင် ပြစ်မှုတစ်ခုဖြင့် ပြစ်ဒဏ်ချခံရပြီး ထောင်ဒဏ် ၅ နှစ် သို့မဟုတ် ပို၍ ကျခံရလျှင်
- တရားရုံးအမှုအခင်း စီရင်ချက်ကြောင့် ပြုကျင့်မှုအတွက် လျော်ကြေး ရရှိပြီးဖြစ်လျှင်။

## မည်သို့လျှောက်ထားရမည်

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို ရရှိရန် သင့်အပေါ်ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ရေးသားရန် လိုအပ်ပါသည်။ ပုံစံကို ကူဖြည့်ပေးရန်အတွက် ပံ့ပိုးဝန်ဆောင်ဌာန သို့မဟုတ် သင် ယုံကြည်စိတ်ချရသည့် တစ်စုံတစ်ယောက်ထံမှ အကူအညီ တောင်းခံနိုင်သည်။

သင် myGov မှတစ်ဆင့် အွန်လိုင်းဖြင့် သို့မဟုတ် စာရွက်ဖြင့် လျှောက်လွှာပုံစံကို ဖြည့်စွက်ခြင်းဖြင့် လျှောက်ထားနိုင်သည်။

စာရွက်ဖြင့် လျှောက်လွှာပုံစံ မိတ္တူတစ်စောင်ကို ရယူရန် သင် -

- www.nationalredress.gov.au မှ ဒေါင်းလုဒ်ရယူနိုင်သည်
- ဖုန်း 1800 737 377 ကိုခေါ်ဆိုပြီး လျှောက်လွှာပုံစံတစ်ခုကို သင့်ထံပို့ခိုင်းပါ
- လျှောက်လွှာတစ်စောင်ရရန် ပံ့ပိုးဝန်ဆောင်ဌာနမှ တောင်းခံပါ။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပုံစံများကို သင် အဆင်ပြေသလို မည်သည့်အချိန်နှင့်နေရာတွင်မဆို ဖြည့်စွက်နိုင်ပါသည်။ ၂၀၂၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့နောက်ဆုံးထား၍ သင် တင်သွင်းနိုင်သည်။

## ကျွန်ုပ်၏ လျှောက်လွှာကို မည်သို့စဉ်းစားသုံးသပ်မည်နည်း။

သင့်ပုံစံကိုဖြည့်ပြီးသည်နှင့် ပုံစံတွင် သင် ဖြည့်ထားသည့် အဖွဲ့အစည်းထံမှ အချက်အလက်များကို ရယူမည့် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်သို့ ပို့ပေးရသည်။ ယင်းနောက် —သင့်အား ပြုကျင့်ခဲ့သည့် အဖွဲ့အစည်းများမှ တစ်စုံတစ်ယောက် မဟုတ်သည့်— သီးခြား လွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူက အချက်အလက်အားလုံးကို ကြည့်ရှုပြီးနောက် နစ်နာမှုအတွက်ပြန်ကုစားမှု ပေးမည် ဟုတ်မဟုတ် အပါအဝင် ဆုံးဖြတ်ချက်ကို ချမှတ်ပါမည်။

ဤကိစ္စမှာ တစ်ခါတစ်ရံ၌ အချိန်ကြာနိုင်သည် —တစ်နှစ် သို့မဟုတ် ပိုကြာတတ်သည်။ ၎င်းအချိန်အတွင်း သင့်အား ပိုမိုမေးမြန်းနိုင်သည်။

လျှောက်ထားခြင်းနှင့် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပေးခြင်းကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်ခြင်းနှင့်ပတ်သက်သော ပိုမိုပြည့်စုံသည့်အချက်အလက်များကို *'နစ်နာဆုံးရှုံးမှုပြန်ကုစားရေးအတွက် လျှောက်ထားခြင်း' ('Applying for redress')* ဟုအမည်တပ်ထားသည့် အချက်အလက်စာစောင် (မြန်မာဘာသာအပါအဝင် အင်္ဂလိပ်နှင့် ဘာသာစကားအမျိုးမျိုးဖြင့် ရနိုင်သည်) တွင် ဖော်ပြထားပါသည်။

## အကူအညီနှင့် အထောက်အပံ့ကို ရယူခြင်း

National Redress Scheme ကို စကားပြောဆိုရန်အတွက် အကယ်၍ သင် စကားပြန်လိုအပ်လျှင် ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုဌာန (Translating and Interpreting Service (TIS National)) မှတစ်ဆင့် စကားပြန်ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

လျှောက်ရန်အကူအညီကို ပံ့ပိုးဝန်ဆောင်ဌာနများ (**နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးမှု ဝန်ဆောင်မှုများ**) ထံမှ သင် ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုများမှာ အခမဲ့ဖြစ်ပြီး သီးခြားလွတ်လပ်ကြပါသည်။ ဤဝန်ဆောင်မှုများက လုပ်ပေးနိုင်သည်မှာ-

- ရထိုက်ခွင့်နှင့်ပတ်သက်သည့် သတင်းအချက်အလက်ပေးသည်၊ အခြား နည်းလမ်းများကို ဆွေးနွေးပေးသည်
- လျှောက်လွှာဖြည့်ရန် သင့်အား ကူညီပေးသည်
- စိတ်သောကများကို ပံ့ပိုးနှစ်သိမ့်ပေးသည်
- သင့်ကိုယ်စား နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဌာနနှင့် စကားပြောဆိုပေးသည်။

နည်းလမ်းများကို သင် နားလည်စေရန် အခမဲ့ ဥပဒေ အကြံပေးနှင့် ငွေကြေး ပံ့ပိုးရေး ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။မသန်စွမ်းသူများ၊ ယဉ်ကျေးမှုအရ ကျယ်ပြန့်သည့်နောက်ခံမှလူများ၊ ငယ်ရွယ်သူများ၊ အဘိုရင်ဂျင်းတိုင်းရင်းလူမျိုးနှင့် တောရက်စ်ရေလက်ကြားကျွန်းသားများ၊ စောင့်ရှောက်ရေးဂေဟာမှထွက်လာသူများနှင့် ယခင် ရွှေ့ပြောင်းကလေးများအတွက် အထူးပြုဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။

> သင့်အတွက် နည်းလမ်းများအကြောင်း ရှာဖွေရန် သို့မဟုတ် ပံ့ပိုးဝန်ဆောင်ဌာနနှင့် ဆက်သွယ်ရန် အောက်ပါအတိုင်း တစ်ခုခုလုပ်ပါ-
>
> **www.nationalredress.gov.au** တွင်ကြည့်ရှု၍ဖြစ်စေ
>
> သို့မဟုတ် National Redress Scheme ကို ဖုန်း **1800 737 377** ဖြင့်ခေါ်၍ဖြစ်စေ ရှာဖွေနိုင်ပါသည်။
>
> အကယ်၍ စကားပြန်တစ်ဦးကို လိုအပ်လျှင် ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုဌာန (**TIS National**) ကိုဖုန်း **131 450** ဖြင့်ခေါ် ပြီး National Redress Scheme ကိုဖုန်း 1800 737 377 ဖြင့်ခေါ်ပေးရန် သူတို့အား တောင်းဆိုပါ။

## အဖွဲ့အစည်းများကို မည်ကဲ့သို့ တာဝန်ရှိစေသနည်း။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်သည် အဖွဲ့အစည်းများအပေါ် ၎င်းတို့အနေဖြင့် ကာကွယ်ပေးခဲ့ရမည့် ကလေး လိင်ပိုင်းပြုကျင့်မှုအတွက် တာဝန်ရှိစေသည်။

အဖွဲ့အစည်းတစ်ရပ်သည် သင့်အား ပြုကျင့်ခဲ့သူနှင့် အထိအတွေ့ရှိလာမည့်အခြေအနေသို့ ခေါ်ဆောင်လာခဲ့ပါက ပြုကျင့်မှုအတွက် တာဝန်ရှိသည်ဟု သတ်မှတ်သည်။

ဥပမာ- အကယ်၍ ကလေးသူငယ် လိင်ဆိုင်ရာ မတရားပြုကျင့်မှုသည်-

- ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ အသင်းအဖွဲ့ သို့မဟုတ် မိဘမဲ့ဂေဟာ ကဲ့သို့သော အဖွဲ့အစည်း၏ ပရဝုဏ်တွင် ဖြစ်ပျက်ခဲ့လျှင်

- အဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်မှုများ လုပ်လေ့ရှိသည့် တဲထိုးစခန်းချလေ့လာရေး သို့မဟုတ် အားကစားအဆောက်အအုံ ကဲ့သို့သော နေရာ၌ ဖြစ်ပျက်ခဲ့လျှင်
- အခြားသော နေရာတစ်ခုခု၌ ဆရာဆရာမ၊ ဘာသာရေးခေါင်းဆောင်၊ အားကစားနည်းပြ သို့မဟုတ် တဲထိုးစခန်းချလေ့လာရေးခေါင်းဆောင် ကဲ့သို့သော အဖွဲ့အစည်း၏ အာဏာပိုင်က မတရားပြုကျင့်မှုကို လုပ်ခဲ့လျှင် တို့ဖြစ်ပါသည်။

အကယ်၍ သင်သည် တစ်ခုထက်ပိုသော အဖွဲ့အစည်းများတွင် လိင်ပိုင်းပြုကျင့်ခံခဲ့ရပါက လျှောက်လွှာပုံစံတွင် ကျွန်ုပ်တို့အား တင်ပြနိုင်သည့်အပိုင်း ရှိပါသည်။

အကယ်၍ သင့်လျှောက်လွှာတွင် ဖော်ပြထားသည့် အဖွဲ့အစည်းများမှာ နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို ပူးပေါင်းမထားပါက သင် ဘာလုပ်နိုင်သည်ကို ရှင်းပြရန် သင့်အား ကျွန်ုပ်တို့ ဆက်သွယ်ပါမည်။

အဖွဲ့အစည်းက နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေးအစီအစဉ်ကို ပူးပေါင်းသည့်အထိ သင် စောင့်ဆိုင်းနိုင်သည် သို့မဟုတ် သင့်လျှောက်လွှာကို ယခုပင် ကျွန်ုပ်တို့အား ကြည့်ခိုင်းနိုင်သည်။

## သတိမူရန်အချက်

အောက်ဖော်ပြပါအပိုင်းအားဖြင့် အဖွဲ့အစည်းအတွင်း ကလေး လိင်ပိုင်းပြုကျင့်မှု အဓိပ္ပါယ်ကို သတ်မှတ်ပေးထားသည်။

သင့်အနေဖြင့် ဖတ်ရှုရသည်မှာ စိတ်အနှောင့်အယှက်ဖြစ်နိုင်သည်။

သင် ခံစားနေရသည့်အကြောင်းကို တစ်စုံတစ်ယောက်နှင့် စကားပြောဆိုလိုပါက အခမဲ့နှင့်လျှို့ဝှက် လုပ်ဆောင်ပေးသည့် ပံ့ပိုးဝန်ဆောင်ဌာနများ (နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများ) သို့ ဖုန်း ၁၈၀၀ ၇၃၇ ၃၇၇ ဆက်ခြင်းဖြင့် သင် ဆက်သွယ်နိုင်ပါသည်။

အကယ်၍ သင်သည် ချက်ချင်း အကူအညီလိုအပ်လျှင် အောက်ပါတို့ကို ဖုန်းခေါ် နိုင်သည်-

- Beyond Blue ဖုန်း 1300 22 4636
- Lifeline ဖုန်း 13 11 14
- 1800 Respect 1800 737 732
- Suicide Call Back Service ဖုန်း 1300 659 467
- Mensline ဖုန်း 1300 78 99 78

အရေးပေါ် ကိစ္စတစ်ခုတွင် အမြဲတမ်း ဖုန်း (000) ကို ခေါ်ပါ။

# ကလေးသူငယ် လိင်ဆိုင်ရာ မတရားပြုကျင့်မှု ဆိုသည်မှာ အဘယ်နည်း။

ကလေးသူငယ် လိင်ဆိုင်ရာ မတရားပြုကျင့်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်သည် အသက် 18 နှစ်အောက်အရွယ်ရှိ ကလေးတစ်ဦးနှင့် ၎င်းကလေး သဘောမတူသော သို့မဟုတ် နားမလည်သော လိင်ဆိုင်ရာ ကိစ္စများ၌ ပါဝင်ပတ်သက်သည့်အခါ လိင်ဆိုင်ရာ မတရားပြုကျင့်မှု ဟုခေါ်ပါသည်။

ကလေးသူငယ် လိင်ဆိုင်ရာ မတရားပြုကျင့်မှုတွင် (သို့သော်လည်း အကန့်အသတ်မရှိစေဘဲ) ပါဝင်သည်မှာ-

- အဝတ်အစားဝတ်ထားလျက်ဖြစ်စေ သို့မဟုတ် အဝတ်အစား မဝတ်ထားလျက်ဖြစ်စေ ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခုခုကို လိင်ပိုင်းဆိုင်ရာထိတွေ့မှု၊
- လက်သပ်မွေးခြင်း - ကလေးလိင်ဆက်ဆံပုံ သို့မဟုတ် မသင့်တော်သောအရာများပြသခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာ ကိစ္စတွင် ပါဝင်လုပ်ဆောင်ရန် ကလေးသူငယ်တစ်ဦးအား ပြင်ဆင်ပေးခြင်း သို့မဟုတ် တိုက်တွန်းပေးခြင်း
- ကလေးသူငယ်တစ်ဦးနှင့် မည်သည့်အမျိုးအစားမဆိုဖြစ်သည့် လိင်ကိစ္စ ၁
- လိင်ကိစ္စလုပ်ရန် ကလေးအား မြူဆွယ်ခြင်း သို့မဟုတ် အတင်းအကျပ်ပြုခြင်း
- ယောက်ျားလေး သို့မဟုတ် မိန်းကလေးဖြစ်သည့် ကလေးသူငယ်တစ်ဦးအား မိန်းမ သို့မဟုတ် ယောက်ျား လူကြီးတစ်ဦးက လိင်ဆိုင်ရာကိစ္စကို လုပ်ခြင်း။